**JUSTICE FOR MYANMAR**

# ပေါက်ကြားလာသည့် စာရွက်စာတမ်းများအရ စစ်အာဏာရှင်၏ အကြမ်းဖက်လုပ်ဆောင်မှုများအတွက် သဘာဝဓာတ်ငွေ့မှဝင်ငွေသည် အဓိကကျကြောင်းပြသနေပြီး၊

## *ငွေပေးချေမှုများကို လုပ်ဆောင်ပေးနေ သည့် မလေးရှားနိုင်ငံမှ CIMB ဘဏ်ကို ဒဏ်ခတ်ပိတ်ဆို့အရေးယူရန် အရေးတကြီးလိုအပ်နေမှုကို ဖော်ပြနေ*

*၂၀၂၁ ၊ ဒီဇင်ဘာလ၊ ၁၆ ရက်၊ မြန်မာနိုင်ငံ။* မြန်မာ့အကြမ်းဖက်စစ်အုပ်စု၏ တရားဝင် စာရွက်စာတမ်းများ အရ ဆိုးရွားလှသည့် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုခေါင်းဆောင် (မင်းအောင်လှိုင်) ကိုယ်တိုင်သည်ပင် ရဲတံခွန် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း မှ ငွေပေးချေမှုအပေါ် စိုးရိမ်ပူပန်မှုများရှိကြောင်း ဖော်ပြနေသည်။

Justice For Myanmar မှ လက်ခံရရှိပြီး Wall Street Journal သို့ပေးပို့ခဲ့သည့် စာရွက်စာတမ်းများတွင် နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီ (SAC) ခေါ် တရားမဝင် စစ်အုပ်စု၏ အဆင့်အမြင့်ဆုံး အစုအဖွဲ့မှ မှတ်ချက်များလည်း ပါဝင်နေသည်။ မှတ်ချက်များတွင် မင်းအောင်လှိုင်က ရဲတံခွန်စီမံကိန်းသည် နိုင်ငံခြားသို့ ဓာတ်ငွေ့ ပြန်လည်တင်ပို့ခဲ့ပြီး လက်ရှိငွေပေးချေမှု အခြေအနေနှင့် အကယ်၍ ငွေမပေးချေ ပါက မည်သို့လုပ်ဆောင်မည်ကို မေးမြန်းထားခြင်း ဖြစ်သည်။ အဆိုပါမေးခွန်းကို ပြန်လည်ဖြေကြားရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ နိုင်ငံခြားတင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ (၂၂.၃၇) သန်းမျှ ရရှိမည့်အကြောင်း အစီရင်ခံရန် ပြင်ဆင်ထားသည်ကို တွေ့ရသည်။

ရဲတံခွန်စီမံကိန်းအား မလေးရှားနိုင်ငံမှ Petronas Carigali ကုမ္ပဏီက ဦးဆောင် လည်ပတ်လုပ်ကိုင်နေပါသည်။ မိတ်ဖက်များအနေဖြင့် ထိုင်းနိုင်ငံမှ PTTEP၊ ဂျပန် အစိုးရ၊ ဂျပန်နိုင်ငံမှ ကုမ္ပဏီများဖြစ်သည့် Nippon Oil & Gas Exploration နှင့် Mitsubishi Corporation တို့အပြင် အကြမ်းဖက် စစ်အုပ်စုမှ ထိန်းချုပ်ထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ပါဝင်သည်။

JUSTICE FOR MYANMAR

အထောက်အထားစာရွက်စာတမ်းအရ ငွေပေးချေမှုများကို အမေရိကန်ဒေါ်လာဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံ CIMB ဘဏ်မှ စင်ကာပူနိုင်ငံတွင် ဖွင့်လှစ် ထားသော ဘဏ်ခွဲရှိ စစ်အုပ်စုမှထိန်းချုပ်ထားသည့် ငွေစာရင်းသို့ ပေးသွင်းနေကြောင်း ဖော်ပြထားသည်။ ယင်းမှာ မင်းအောင်လှိုင်နှင့် စစ်အုပ်စုအပေါ် အမေရိကန် အစိုးရမှ ချမှတ်ထားသည့် ဒဏ်ခတ် ပိတ်ဆို့ အရေးယူမှုကို ဖောက်ဖျက်ကျူးလွန်မှု ဖြစ်နိုင်ပေသည်။

**Justice for Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်မှ** *"ဒီအထောက် အထားတွေက အမေရိကန်အစိုးရရဲ့ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူတာကို ခံထားရတဲ့ မင်းအောင်လှိုင် ကိုယ်တိုင် ရေနံသဘာဝဓာတ်ငွေ့ ဝင်ငွေတွေအပေါ် ကြီးကြပ်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြနေပါတယ်။ ပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်မှု အရှိန်မြှင့်ပြီးလုပ်နေတဲ့ တချိန်တည်းမှာပဲ စစ်အုပ်စုရဲ့ ခေါင်းဆောင်တွေဟာ ရေနံသဘာဝဓာတ်ငွေ့က ပိုက်ဆံတွေ ဘယ်အချိန်ရမလဲဆိုတာ ပူပန်နေတာကိုကြည့်ရင် အဲဒီငွေကြေးတွေဟာ စစ်အုပ်စုအတွက် ဘယ်လောက် အရေးပါတယ်ဆိုတာကို သိနိုင်ပါတယ်။ တရားမဝင်အာဏာသိမ်းဖို့ ကြိုးပမ်းတဲ့ အချိန်ကစပြီး ပြည်သူတွေကိုသတ်ဖြတ်ဖို့ အသုံးပြုနေတဲ့ ကျည်ဆံတွေ၊ ဗုံးတွေနဲ့ တိုက်လေယာဉ်ဆီတွေဟာ ရေနံနဲ့သဘာဝဓာတ်ငွေ့ကနေရလာတဲ့ ရန်ပုံငွေကို အသုံးပြုပြီး ဝယ်ယူနေတာဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ ငွေပေး ချေမှုအပေါ် စိုးရိမ်ပူပန်နေတဲ့ အခုသက်သေအထောက်အထားဟာ အဲဒီကဏ္ဍမှာ ပါဝင်နေတဲ့ တခြားစီးပွားရေးလုပ်ငန်းတွေကိုလည်း အလားတူသက်ဆိုင်မှုရှိနေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် Chevro၊ Total ၊ Posco International နဲ့ CNPC ကုမ္ပဏီတွေရဲ့ ကမ်းလွန်နဲ့ ပိုက်လိုင်းစီမံကိန်းတွေဟာ အကြမ်းဖက်စစ်အုပ်စုရဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို ငွေကြေးထောက်ပံ့နေတဲ့ အထောက် အထားပဲဖြစ်ပါတယ်။ တကယ်လို့များ အမေရိကန်ဒေါ်လာကို အသုံးပြုပြီး လုပ်ဆောင်နေတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ရဲ့ ငွေပေးချေမှုတွေဟာ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူမှုကို ဖောက်ဖျက်နေတာဆိုရင် အမေရိကန်အစိုးရအနေနဲ့ အရေးပေါ် စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သင့်ပါတယ်။ ကျွန်မတို့အနေနဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို စီးပွားရေးပိတ်ဆို့ အရေးယူ ဒဏ်ခတ်ဖို့ကို ထပ်ပြီးတောင်းဆိုပါတယ်။ အခုသက်သေအထောက်အထားတွေအရ အကြမ်းဖက် လူသတ်စစ်အုပ်စုအတွက် Petronas ကုမ္ပဏီက အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို ရှာဖွေပေးနေပြီး CIMB ဘဏ်က ငွေပေးချေမှုကို အဆင်ပြေအောင် လုပ်ဆောင်ပေးခြင်းအားဖြင့်*

JUSTICE FOR MYANMAR

*မလေးရှားနိုင်ငံရဲ့ စစ်အုပ်စုနဲ့ပတ်သက်မှုကို ဖော်ပြနေပါတယ်။ CIMB ဘဏ်ရဲ့ အဓိက ရှယ်ယာရှင်ဖြစ်သလို Petronas ရဲ့ ပိုင်ရှင်လည်းဖြစ်တဲ့ မလေးရှားအစိုးရဟာ မြန်မာစစ်တပ်ရဲ့ နိုင်ငံတကာရာဇဝတ်မှုမှာ ပူးပေါင်းပါဝင်နေတာကို မဖြစ်မနေ အဆုံးသတ်ရမှာ ဖြစ်ပါတယ်”။*

**အယ်ဒီတာများသို့မှတ်ချက်**

ကျွန်ုပ်တို့၏ အင်တာနက် ဆောင်းပါးကို ကြည့်ရှုရန် - <u>ပေါက်ကြားလာသည့် စာရွက်စာတမ်းများက မင်းအောင်လှိုင်ကိုယ်တိုင်သည်ပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ငွေပေးချေမှုအပေါ် စိုးရိမ်ပူပန်မှုများရှိနေကြောင်း ဖော်ပြ</u>

အင်တာနက်ဆောင်းပါးကို ကြည့်ရှုရန် - <u>ရေနံနှင့် သဘာဝဓာတ်ငွေ့သည် မြန်မာစစ်တပ်အတွက် အဓိက ဝင်ငွေဖြစ်</u>

ဂျပန် အရပ်ဘက်အဖွဲ့အစည်း Mekong Watch ၏ ရဲတံခွန် စီမံကိန်းအပေါ် အနှစ်ချုပ် အစီရင်ခံစာအား ကြည့်ရှုရန်: http://www.mekongwatch.org/PDF/Yetagun_BP_Eng.pdf

ဆုံး


ထပ်မံသိရှိလိုပါက -<br>
ရတနာမောင်<br>
အီးမေးလ် - media@justiceformyanmar.org<br>
ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/<br>
ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/<br>
တွစ်တာ - @justicemyanmar<br>
ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/